International Labour Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၉။ ကြားဝင်ဆောင်ရွက်လှုပ်ရှားမှုများကို ရန်ပုံငွေထောက်ပံ့ခြင်း

ဤသင်ခန်းစာတွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အရင်းအမြစ်များအပြင် ရန်ပုံငွေမည်သို့ရှာဖွေရမည် ၊ ရရှိလာသောငွေအား မည်သို့အသုံးပြုရမည်ကို သိရှိနားလည်စေရန် ကူညီပေးသွားမည်ဖြစ်ပါသည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု** – အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၉) ကြားဝင်ဆောင်ရွက်လှုပ်ရှားမှုများကို ရန်ပုံငွေထောက်ပံ့ခြင်း။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံးအဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – © မေကိုနိုင်/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လွဲကေခိုင်၊ စောဆာကပေါ်၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)” (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်”(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံ အစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)” (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ


**သင်ခန်းစာ ၁**

လုပ်ဆောင်မှုများကို အပြီးသတ်ခြင်း ........................................................ ၁

**သင်ခန်းစာ ၂**

လေ့လာရခြင်း၏ရည်ရွယ်ချက်များ ........................................................ ၃

**သင်ခန်းစာ ၃**

လှူပ်ရှားမှုများ၏ ငွေစာရင်းရေးဆွဲမှု ........................................................ ၄

**သင်ခန်းစာ ၄**

အရင်းအမြစ်များကို အသုံးချခြင်း ........................................................ ၇

**သင်ခန်းစာ ၅**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ........................................................ ၁၂

**သင်ခန်းစာ ၆**

အနှစ်ချုပ် ........................................................................................ ၁၄


**နောက်ဆက်တွဲ အဖြေများ** ........................................................ ၁၆


သင်ခန်းစာ ၁/၆

# လုပ်ဆောင်မှုများကို အပြီးသတ်ခြင်း

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ (WDACL) အခမ်းအနား

မိုဟာမက် ၊ နိုးနိုး နဲ့ ဖိုးဝ တို့ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် ပြင်ဆင်နေကြတာကို အောက်ဖော်ပြပါ စာပိုဒ်မှာ ဖတ်ရှုပါ။






သင်သာဆိုရင် မိုဟာမက်ကို ဘယ်လိုပြန်ပြောမလဲ။

သင်ခန်းစာ ၂/၆

## ▶ လေ့လာရခြင်း၏ရည်ရွယ်ချက်များ



အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို ငွေအားပံ့ပိုးရန်အတွက် ရန်ပုံငွေရှာဖွေခြင်း ၊ အရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် အခြားရန်ပုံငွေဆိုင်ရာလမ်းကြောင်းများကို ရှာဖွေခြင်း စသည်တို့ လိုအပ်ပါသည်။ ယခုသင်ခန်းစာက သင့်အား အောက်ပါနေရာများတွင် ကူညီပေးမည်ဖြစ်သည်။

- (NAP) ဆိုင်ရာ လှုပ်ရှားမှုတစ်ခုစီအတွက် လိုအပ်သောအရင်းအမြစ်များ မည်မျှကုန်ကျမည်ဆိုသည်ကို နားလည်စေမည်။
- (NAP) ဆိုင်ရာ လှုပ်ရှားမှုတစ်ခုစီအတွက် အရင်းအမြစ်များကို စီစဉ်ဆောင်ရွက်ရန် လိုအပ်သောအဆင့်များကို ခွဲထုတ်နိုင်စေမည်။
- (NAP) ဆိုင်ရာ လှုပ်ရှားမှုများကို အကောင်အထည်ဖော်ရန် ရန်ပုံငွေအတွက် အခြားသောလမ်းကြောင်းများကို သဘောပေါက်စေမည်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၃/၆

# ▶ လှုပ်ရှားမှုများ၏ငွေစာရင်းရေးဆွဲမှု

## ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပမှုအတွက် ကုန်ကျစရိတ်ကို တွက်ချက်နိုင်မည့် အချက်များ အားလုံးကို သင်စဉ်းစားနိုင်ပါသလား။

အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP)တစ်ခုလုံးကို အကောင်အထည်ဖော်ဖို့ လိုအပ်တဲ့ အရင်းအမြစ်တွေအကြောင်း အခု စဉ်းစားကြည့်ပါ။ အချိန်ခဏယူပြီး ကိုယ့်ဘာသာကြိုးစားကြည့်ပါ ၊ ပြီးမှ သင်မှန်ရဲ့လား ဆိုတာကို စစ်ကြည့်ဖို့ သင်ခန်းစာကို ဆက်ကြည့်ပါ။



WDACL ၊ မွန်ပြည်နယ်၊ မြန်မာ။ © Victor Fleury/အိုင်အယ်လ်အို

## အရင်းအမြစ်များကို စိစစ်ဆုံးဖြတ်ခြင်း

အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP)ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အရင်းအမြစ်များအား အမျိုးသားအဆင့်လုပ်ငန်းစီမံချက်တွင်ပါဝင်သည့် လုပ်ဆောင်ရမည့် လှုပ်ရှားမှုအရေအတွက်ပေါ်  မူတည်နေပါသည်။ လှုပ်ရှားမှုများ၏ အမျိုးအစားနှင့် သဘောသဘာဝတို့သည် လိုအပ်သောအရင်းအမြစ်များ၏ အမျိုးအစားများနှင့် ၎င်းတို့၏အရင်းအမြစ်များကို ဆုံးဖြတ်ပေးသည်။

မျှော်မှန်းထားသော လှုပ်ရှားမှုများကို အခြေခံပြီး ဘဏ္ဍာငွေတွက်ချက်မှုအား လှုပ်ရှားမှုအခြေခံဘဏ္ဍာငွေတွက်ချက်မှုဟု ခေါ်ပါသည်။ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) တွင် တိကျသောလုပ်ဆောင်မှုများဖြင့် ခိုင်မာသောရလဒ်များ မူဘောင်တစ်ခုရှိလျှင် ပိုမိုလွယ်ကူမည်ဖြစ်ပြီး အကောင်အထည် ဖော်မည့် မိတ်ဖက်များကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) အတွက် လိုအပ်မည့် အရင်းအမြစ်များကို စိစစ်သောအခါ ယင်းအရင်းအမြစ်များတွင် ငွေအားရော လူအားပါ ပါဝင်သည်ကို သတိပြုရမည်။ လူ့စွမ်းအားအရင်းအမြစ်များသည်   (NAP) ၏ လှုပ်ရှားမှုများကို အကောင်အထည်ဖော်ရန် ၊ ကြားဝင်ဆောင်ရွက်မှုများတွင် ညှိနှိုင်းဆောင်ရွက်ရန်၊ တိုးတက်မှုများအား စောင့်ကြည့်လေ့လာပြီး အစီရင်ခံရန် ကျွမ်းကျင်မှုများနှင့် အချိန်ပေးနိုင်သူများဖြစ်ပါသည်။ ထပ်ဆောင်းအနေဖြင့် NAP အကောင်အထည်ဖော်မှုတွင် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ အရင်းအမြစ်များလည်း နေသားတကျရှိရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် သယ်ယူပို့ဆောင်ရေး ၊ ဆက်သွယ်ရေး ၊ ကိရိယာများ စသည်တို့ဖြစ်သည်။

ထို့ကြောင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်တစ်ခု၏ ကုန်ကျစရိတ်ကို တွက်ချက်သောအခါတွင် ဝန်ထမ်းများ၏ အချိန် ၊ လေ့ကျင့်ရေး ၊ ဆက်သွယ်ပြန်ကြားရေး စသည်များကို ထည့်သွင်းတွက်ချက်ရန် အရေးကြီးပါသည်။

ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ထောင်စုအစိုးရဘတ်ဂျက်ကာလအတိုင်း တွက်ချက်ရသောကြောင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို ရေးဆွဲချိန်တွင် ၎င်း၏လှုပ်ရှားမှုအများအပြားကို ဘတ်ဂျက်တွက်ချက်မှုတွင် မထည့်သွင်းနိုင်ပေ။ NAP အား နိဒါန်းမှစ၍ ဘတ်ဂျက်အပြည့်အဝမရေးဆွဲနိုင်လျှင်လည်း ပြဿနာမရှိပေ။ သို့သော် NAP တွင် ကနဦးမှစတင်၍ လက်တွေ့ကျသော ရင်းမြစ်လိုအပ်ချက်ကို ခန့်မှန်းထားလျှင် လုပ်ငန်းစဉ်အားလုံးအတွက် ရင်းမြစ်များရှာဖွေရာတွင် ပိုမိုလွယ်ကူပါလိမ့်မည်။

အမျိုးသားအဆင့်လုပ်ငန်းစီမံချက်(NAP) တစ်ခုအတွက် ခန့်မှန်းကုန်ကျစရိတ်ကို စီမံချက်ရေးဆွဲနေစဉ်ကာလ သို့မဟုတ် စီမံချက် အကောင်အထည်ဖော်နေစဉ်ကာလ နှစ်ပတ်လည်/ဘဏ္ဍာနှစ် စာရင်းရှင်းတမ်းများ ရေးဆွဲနေစဉ်တွင် တွက်ချက်နိုင်ပါသည်။ ခန့်မှန်းကုန်ကျစရိတ်ကိုတွက်ချက်ရာတွင် ဆောင်ရွက်ရန်စာရင်းအဖြစ်အသုံးပြုနိုင်သော အခြေခံမှုအချို့ရှိပါသည်။

## မှုများကိုလေ့လာရန် အောက်ဖော်ပြပါဇယားကွက်ကိုကြည့်ပါ။

ခန့်မှန်းကုန်ကျစရိတ်အား အသေးစိတ်တွက်ချက်နိုင်လေ ပိုမိုတိကျမှန်ကန်လေဖြစ်ပါသည်။ လှုပ်ရှားမှုတိုင်းအတွက် ဘတ်ဂျက်တွက်ချက်ပါ။ သို့သော် နှစ်ခါပြန်မတွက်ချက်မိစေရန် ဂရုစိုက်ပါ။

စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ လိုအပ်ချက်များအပြင် လုပ်ဆောင်နေသောလုပ်ငန်းစဉ်များ (သယ်ယူပို့ဆောင်ရေးကဲ့သို့) အတွက် ရင်းမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။

အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) အတွက် ခန့်မှန်းကုန်ကျစရိတ်တွင် လည်ပတ်ရေးဆိုင်ရာ အသုံးစရိတ်များအတွက် အထောက်အပံ့ပေးထားပြီးဖြစ်သည့်အရာများအပါအဝင် အရာအားလုံးကို ခွဲခြားဖော်ထုတ်ရမည်။

အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို တိကျစွာတွက်ချက်မှုသည် အဓိကကျသော အစီအစဉ်များတွင် အရင်းအမြစ်များတိုးမြှင့်ရရှိရန် စည်းရုံးမှုနှင့်ညှိနှိုင်းမှုအတွက် အခြေခံဖြစ်သည်။ ယင်းသည် အစိုးရအဖွဲ့၏ ဘတ်ဂျက်ထဲသို့ ဘတ်ဂျက်လိုင်းအသစ်ထည့်သွင်းရာတွင်လည်း အထောက်အကူပြုပါသည်။

## လေ့လာမှုမှတ်တိုင်

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အခမ်းအနား (WDACL) သည် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) နှင့်သက်ဆိုင်သော လှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။ ယခုအခါ သင်သည် အရင်းအမြစ်များကို မည်သို့ခွဲခြားသတ်မှတ်ခြင်းကို နားလည်သဘောပေါက်ပြီး WDACL အခမ်းအနား နှင့် ၄င်းလှုပ်ရှားမှုအတွက် လိုအပ်သောအရင်းအမြစ်များအား ပြန်လည်စဉ်းစားကြည့်ပါ။

**အောက်ဖော်ပြပါအချက်များအနက် မည်သည့်အချက်များက ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေး ကမ်ပိန်းတစ်ခုအတွက် ကုန်ကျစရိတ်တွက်ချက်ရာတွင် သင့်လျော်သနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင် ရွေးပါ။ အဖြေမှန်များကို “နောက်ဆက်တွဲ အဖြေများ”တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — ထည့်သွင်းရမည့်စရိတ်ထဲတွင် သယ်ယူပို့ဆောင်ရေး ၊ ဆက်သွယ်ရေးနှင့် ကိရိယာများအတွက် ကုန်ကျစရိတ်များကို ထည့်သွင်းရမည်။
- ☐ ခ — ပရဟိတအခမ်းအနားတစ်ခုဖြစ်သောကြောင့် လူ့အရင်းအမြစ်ဆိုင်ရာစရိတ်များကို ထည့်မတွက်သင့်ပါ။
- ☐ ဂ — တစ်ရက်တာအခမ်းအနားဖြစ်သောကြောင့် အသေးစိတ်လုပ်ဆောင်ချက်များအပေါ် ခန့်မှန်းကုန်ကျစရိတ်ရေးဆွဲရန်မလိုပါ။
- ☐ ဃ — ခန့်မှန်းကုန်ကျစရိတ်သည် တိကျပြီး လိုလိုမယ်မယ်လိုအပ်သည်ထက် ပိုတောင်းပါ။

## ခန့်မှန်းကုန်ကျစရိတ်ရေးဆွဲပြီးသည့်အခါ အရင်းအမြစ်များကို မည်ကဲ့သို့စုဆောင်းမည်နည်း။

သင်ခန်းစာ ၄/၆

# အရင်းအမြစ်များကို အသုံးချခြင်း

## သမားရိုးကျဖြစ်မှု၏ အကျိုးကျေးဇူးများ

သမားရိုးကျဖြစ်မှုသည် သမားရိုးကျရရှိထားသော အရင်းအမြစ်ခွဲဝေမှုအပြင် အစီအစဉ်များအား အကောင် အထည်ဖော်မှုအတွက်ပါ ခွင့်ပြုပေးထားပါသည်။ ဖြစ်စဉ်အများစုတွင် NAP အား ရရှိနှင့်ပြီးသား အရင်းအမြစ်များ (သို့မဟုတ်) လုပ်ငန်းစဉ်တစ်ခုချင်းစီတိုင်းအတွက် တာဝန်ရှိသော မိတ်ဖက်အဖွဲ့အစည်းများအား ထောက်ပံ့ထားသည့် အရင်းအမြစ်များကို အသုံးပြု၍ အကောင်အထည်ဖော်လေ့ရှိပါသည်။ ယင်းသည် NAP ဆိုင်ရာ လုပ်ငန်းစဉ်များအား အဖွဲ့အစည်းဆိုင်ရာ အလုပ်သဘောအစီအစဉ်များသို့ ပေါင်းစပ်အကောင်အထည်ဖော်ခြင်းနှင့် သမားရိုးကျလုပ်ဆောင်မှုနောက်ကွယ်မှ စိတ်ကူး၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

သမားရိုးကျဖြစ်မှုသည် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) အတွက် လုပ်နည်းလုပ်ဟန် ဖြစ်ပြီး NAP က ယင်းနည်းလမ်းအတိုင်းလည်ပတ်ပါသည်။ သင်သည်လိုအပ်သောအရင်းအမြစ်များအား ရရှိရန်အတွက် တိကျသောခြေလှမ်းများလှမ်းရန် လိုအပ်နေဆဲဖြစ်ပါသည်။ သင်သည် အောက်ပါပုဂ္ဂိုလ်များထံမှ ထောက်ခံမှုများရရှိရန် လိုအပ်ပါသည်။

- အစိုးရဘတ်ဂျက်များတွင် အသုံးစရိတ်ခွဲဝေချပေးမှုများနှင့် သက်ဆိုင်သည့် မူဝါဒချမှတ်သူများ
- လွှတ်တော်အမတ်များ နှင့်
- အလုပ်သမားနှင့်အလုပ်ရှင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ စသည်တို့ဖြစ်ပါသည်။

ဦးဆောင်အဖွဲ့အစည်းက အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် သတင်းပို့ခြင်းတို့ကို ညှိနှိုင်းလုပ်ဆောင်သော အေဂျင်စီတစ်ခုတည်းလည်းဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ယင်းကဲ့သို့ ဦးဆောင်အဖွဲ့အစည်းမှာ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ဦးဆောင်သည့်"အလုပ်သမားဝန်ကြီးဌာန (MOL) ဖြစ်သည်။


တစ်နည်းအားဖြင့် အရင်းအမြစ်များအားစုဆောင်းမှုတွင် ပူးပေါင်းလုပ်ဆောင်ရန်အတွက် မိတ်ဖက်အဖွဲ့များစွာ၏ အဖွဲ့ဝင်များနှင့် အထူးအဖွဲ့တစ်ခုကို ဖွဲ့စည်းနိုင်ပါသည်။

ဦးဆောင်မည့်အဖွဲ့ (သို့မဟုတ်) အထူးတာဝန်အဖွဲ့ ကို ခန့်အပ်ဖွဲ့စည်းခြင်းသည် အရင်းအမြစ်ဆိုင်ရာစုဆောင်းမှု အတွေ့အကြုံပိုင်းတွင် တိုးတက်စေမည်ဖြစ်သော်လည်း အစည်းအဝေးလုပ်ရသည့်အကြိမ် များလာနိုင်သည့်အတွက် ဘက်မျှစေရန် ဂရုတစိုက်စဉ်းစားရမည်ဖြစ်ပါသည်။

## အောင်မြင်မှုရရှိရန် သေချာစေခြင်း

အောက်ပါအချက်များသည် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ၏ မိတ်ဖက်များက စုပေါင်း၍ဖြစ်စေ ၊ သီးသန့်ဖြစ်စေ လုပ်ဆောင်နိုင်သော အဆင့်များဖြစ်ပါသည်။ ထိုအဆင့်များသည် မိတ်ဖက်အဖွဲ့အစည်းများအတွက်သာမက NAP တစ်ခုလုံးအတွက်ပါ အရင်းအမြစ်များ ခွဲဝေမှုအတွက် ထောက်ခံမှုရရှိစေရန် လုပ်ဆောင်ရမည့်အရာများဖြစ်ပါသည်။

**အဆင့်တစ်ဆင့်ချင်းစီကို လေ့လာနိုင်စေရန် အောက်ဖော်ပြပါ ရှင်းလင်းချက်များကို ဖတ်ရှုပါ။**




## ၁။ ရှိရင်းစွဲ အစီအစဉ်များအား အသေးစိတ်စိစစ်ခြင်း။

အဆင့်(၁) မှာ အသုံးပြုနိုင်သော ရှိရင်းစွဲအစီအစဉ်များကို အသေးစိတ်နေရာချစီမံခြင်းဖြစ်ပါသည်။ ယင်းသည် ကျယ်ပြန့်သောလုပ်ဆောင်မှုတစ်ခုဖြစ်ပြီး လိုအပ်သည့်အချိန်မှသာ လုပ်ဆောင်သင့်ပါသည်။ ဥပမာ မိတ်ဖက်အားလုံးသည် ရင်းမြစ်များခွဲဝေမှုအတွက် ဖြစ်နိုင်ခြေရှိသော ရင်းမြစ်များအားခွဲခြားသတ်မှတ်မည်ဆိုလျှင် ပိုမိုထိရောက်မည်ဖြစ်ပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ရနိုင်ခြေရှိသမျှ သတင်းအချက်အလက်များကို စုစည်းရာတွင် အထောက်အကူဖြစ်စေပြီး မိတ်ဖက်အားလုံးက တူညီသောသတင်းစကားကို မူဝါဒရေးဆွဲသူများ၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များနှင့် အခြားသူများထံ ဖြန့်ဝေနိုင်မည်ဖြစ်ပါသည်။

## ၂။ မဟာဗျူဟာတစ်ခု ရေးဆွဲခြင်း။

အဆင့် (၂) သည် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ရှိရင်းစွဲအသုံးစရိတ်များနှင့် အစီအစဉ်များထဲသို့ ကလေးအလုပ်သမားဆိုင်ရာ ပေါင်းစပ်ခြင်းအတွက် မဟာဗျူဟာတစ်ခုကို ရေးဆွဲရန်ဖြစ်ပါသည်။ ယင်းမဟာဗျူဟာတွင် NAP ၏ လုပ်ငန်းစဉ်များကို အဖွဲ့အစည်းများ၏ အစီအစဉ်များ၊ ဘတ်ဂျက်များနှင့် ပေါင်းစပ်ရန် ကြိုးပမ်းမှုများအား ထောက်ပံ့ (သို့မဟုတ် ဟန့်တား) နိုင်သည့် အုပ်ထိန်းသူများကို ဖော်ထုတ်ခြင်းလည်း ပါဝင်ပါသည်။

## ၃။ ဘတ်ဂျက်ကာလများနှင့် အလိုက်သင့် ညှိနှိုင်းလုပ်ဆောင်ခြင်း။

အဆင့်(၃) သည် ဘတ်ဂျက်ကာလအလိုက် ရင်းမြစ်များအတွက် တောင်းဆိုခြင်းနှင့် စီမံခြင်းကို ညှိနှိုင်းလုပ်ဆောင်ရန်ဖြစ်ပါသည်။ NAP ကို အစိုးရဘတ်ဂျက်ကာလနှင့် ချိန်ကိုက်လုပ်ဆောင်ခြင်းသည် ရင်းမြစ်များ ခွဲဝေသုံးစွဲမှုတွင် အထောက်အကူဖြစ်စေပါသည်။

## ၄။ အစိုးရဘတ်ဂျက်ကို အသေးစိတ်စီမံခြင်း။

အဆင့်(၄) သည် ပေါင်းစပ်ခြင်းအတွက် သင့်လျော်သော နယ်ပယ်များကိုဖော်ထုတ်ရန် အစိုးရဘတ်ဂျက်ကို လေ့လာရန် (သို့မဟုတ်) အသေးစိတ်စီမံရန်ဖြစ်ပါသည်။ ထိုလုပ်ဆောင်မှုအား ဘဏ္ဍာရေးဝန်ကြီးဌာန (သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများဖြစ်လျှင် ပိုမိုကောင်းမွန်သည်) သို့မဟုတ် အကြံပေးတစ်ဦး၊ ILO ဝန်ထမ်းတစ်ဦး သို့မဟုတ် အစိုးရဘတ်ဂျက်ရေးဆွဲသည့်လုပ်ငန်းစဉ်တွင် ကျွမ်းကျင်သည့် မိတ်ဖက်အဖွဲ့မှဝန်ထမ်းတစ်ဦးဖြစ်စေ ဦးဆောင်လုပ်ဆောင်နိုင်ပါသည်။

## ၅။ ဘတ်ဂျက်ရေးဆွဲခြင်း။

နောက်ဆုံးအဆင့်သည် ဘတ်ဂျက်ရေးဆွဲခြင်းဖြစ်ပြီး မခက်ခဲသော်လည်း လုပ်ငန်းစဉ်များဆိုင်ရာ သိရှိထားရမည့် ဗဟုသုတအချို့ရှိထားရန်လိုအပ်သည်။ ပါဝင်ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့များထဲမှ ထိုဗဟုသုတများနှင့်ပြည့်စုံပြီး အခြားသူများအားကူညီနိုင်သော ပုဂ္ဂိုလ်များအား ခန့်ထားပါက အထောက်အကူဖြစ်စေပါသည်။

ဘတ်ဂျက်ခွဲခြမ်းစိတ်ဖြာမှုအတွက် (ထပ်တိုး) စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည်လည်း အထောက်အကူဖြစ်မည်ဖြစ်ပါသည်။ ယင်းသည် အစိုးရအား တာဝန်ခံစေရန်နှင့် တစ်ခါတစ်ရံ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အထောက်အပံ့ရရှိနိုင်ရန် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။

## လေ့လာမှုမှတ်တိုင်

**အောက်ဖော်ပြပါအချက်များအနက် မည်သည့်အချက်က အရင်းအမြစ်များကို စုဆောင်းမှုအတွက် မဆီလျော်သနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင် ရွေးပါ။ အဖြေမှန်များကို “နောက်ဆက်တွဲ အဖြေများ”တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က NAP အကောင်အထည်ဖော်ရေးအစီအစဉ်ကို အစိုးရဘတ်ဂျက်ကာလနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- ☐ ခ ပေါင်းစပ်ဆောင်ရွက်ခြင်းအတွက် သင့်လျော်သောကဏ္ဍများကို သတ်မှတ်ရန် အစိုးရဘတ်ဂျက်ကို အသေးစိတ်စီမံခြင်း
- ☐ ဂ ထပ်တိုးအချက်အလက်များသည် ရှုပ်ထွေးနိုင်သောကြောင့် ရှိရင်းစွဲအစီအစဉ်များကို ရှောင်ကြဉ်ခြင်း

## အခြားနည်းလမ်းများ

အစိုးရအသုံးစရိတ်များထဲသို့ သမားရိုးကျထည့်ဝင်ခြင်းနှင့် အရင်းအမြစ်များ ရရှိနိုင်စေရန် မူဝါဒချမှတ်သူများ၏ အားပေးထောက်ခံမှုရရှိစေခြင်းအပြင် အခြားပြည်တွင်းရန်ပုံငွေအရင်းအမြစ်များနှင့် အသုံးပြုနိုင်သော အခြားအရင်းအမြစ်များလည်း ရှိနိုင်ပါသည်။ အခြားနည်းလမ်းများနှင့်ပတ်သက်ပြီး လေ့လာနိုင်ရန် အောက်တွင် ဆက်လက်ဖတ်ရှုပါ။



အဝေးပြေးလမ်းမကြီး။ © Marcel Crozet/အိုင်အယ်လ်အို

## ပုဂ္ဂလိကနယ်ပယ်မှလှူဒါန်းမှုများ

ပုဂ္ဂလိကနယ်ပယ်မှလှူဒါန်းမှုများကိုလည်း ရှာဖွေနိုင်ပါသည်။ ထိုလှူဒါန်းမှုများသည် အထူးသဖြင့် ပွင့်လင်းမြင်သာမှုရှိသော ကဏ္ဍများတွင် ရန်ပုံငွေလမ်းကြောင်းတစ်ခု ဖြစ်လာနိုင်ပါသည်။ ကုမ္ပဏီများကလည်း ကမ်ပိန်းများ သို့မဟုတ် စာသင်ကျောင်းများနှင့် ကလေးများအား တိုက်ရိုက်ထောက်ပံ့မှုများကဲ့သို့ NAP ဆိုင်ရာ တိကျသောလုပ်ငန်းစဉ်များကို ကူညီပံ့ပိုးပေးပြီး လူမှုဆိုင်ရာ တာဝန်ခံမှုရှိကြောင်း ၎င်းတို့၏ကတိကဝတ်ကို ပြသနိုင်ပါသည်။

## လူထုအရင်းအမြစ်များကို စနစ်တကျစုဆောင်းခြင်း

လူထုဆီမှရသော အရင်းအမြစ်များအား စနစ်တကျစုဆောင်းရန်လည်း ကြိုးပမ်းနိုင်ပါသည်။ ၎င်းတို့သည် NAP အကောင်အထည်ဖော်ရေးတွင် သိသာထင်ရှားစွာ ပံ့ပိုးပေးနိုင်ပါသည်။ လူ့အဖွဲ့အစည်းအများစုသည် NAP အကောင်အထည်ဖော်ရာတွင် ငွေအားဖြင့် မပံ့ပိုးနိုင်သော်လည်း အချိန် ၊ စွမ်းရည်များနှင့် ကျွမ်းကျင်နှံ့စပ်မှုများဖြင့် ပါဝင်အားဖြည့်ပေးနိုင်ပါသည်။

## အစိုးရနှင့် ပုဂ္ဂလိက မိတ်ဖက်ဆောက်ရွက်မှုများ

NAP ကိုအကောင်အထည်ဖော်မှုနှင့် အထည်ချုပ်လုပ်ငန်းများကဲ့သို့ နယ်ပယ်များတွင် ကလေးအလုပ်သမားခိုင်းစေခြင်းအား တိုက်ဖျက်ခြင်းတို့ကို ပံ့ပိုးပေးနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကပိုင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်ရန် ကြိုးပမ်းနိုင်ပါသည်။ ထိုအချက်များအပြင် သင်သည် ပြည်တွင်းအရင်းအမြစ်များကို ဖြည့်စွက်ပံ့ပိုးနိုင်ရန် ထောက်ပံ့ကြေးကဲ့သို့ ပြင်ပ အရင်းအမြစ်များကိုလည်း ရရှိနိုင်ပါသည်။

**ပြင်ပအရင်းအမြစ်များကို မည်သို့ချဉ်းကပ်ရယူနိုင်သလဲနှင့် ထိုအရင်းအမြစ်များက မည်သို့ပံ့ပိုးနိုင်သလဲကို လေ့လာနိုင်ရန် အောက်ဖော်ပြပါ ဇယားကွက် ကို ကြည့်ပါ။**




## အပြည်ပြည်ဆိုင်ရာ မိတ်ဖက်များ

အပြည်ပြည်ဆိုင်ရာ မိတ်ဖက်များသည် ရန်ပုံငွေ ၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးမှုများအပြင် စွမ်းဆောင်ရည်မြှင့်တင်မှု စသောကဏ္ဍများမှတစ်ဆင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ကို ထောက်ကူပေးနိုင်ပါသည်။ သင်၏ စီမံကိန်းအဆိုပြုချက်များကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ၊ နှစ်ဖက်သဘောတူဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာ မိတ်ဖက်များ၊ ဖောင်ဒေးရှင်းများစသည်တို့ထံမှ ထောက်ပံ့မှုရရှိစေရန် တစ်စုတစ်စည်းတည်း ထားရှိသင့်ပါသည်။ မည်သည့်လုပ်ငန်းစဉ်များကို မည်သည့်အဖွဲ့အစည်းများအတွက် ရွေးချယ်မည်ဆိုခြင်းအတွက် ဆုံးဖြတ်ရန် သင်သည် အခြားမိတ်ဖက်များနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပူးတွဲအဆိုပြုချက်များ ပြုလုပ်ရန်ဖြစ်ပါသည်။




## အတွေ့အကြုံရှိသော လူပုဂ္ဂိုလ်များ

အကောင်အထည်ဖော်ရေးတွင် ပါဝင်နေသောမိတ်ဖက်များအနက် အပြည်ပြည်ဆိုင်ရာမိတ်ဖက်များအတွက် အဆိုပြုချက်များတင်သွင်းရာတွင် အတွေ့အကြုံရှိသော လူပုဂ္ဂိုလ်များကို ရွေးချယ်နိုင်မှသာ အဆိုပြုချက် အောင်မြင်ရေးအတွက် ၎င်းတို့၏ အကြံဉာဏ်များနှင့် လမ်းညွှန်မှုများရရှိမည်ဖြစ်ပါသည်။ အကယ်၍ အရင်းအမြစ်စုဆောင်းရေးဆိုင်ရာအထူးအဖွဲ့ ကို ဖွဲ့စည်းခဲ့လျှင် ထိုအတွေ့အကြုံရှိပုဂ္ဂိုလ်များသည် ယင်းအဖွဲ့၏ အဖွဲ့ဝင်များ ဖြစ်လာနိုင်ပါသည်။




## ဒေသဆိုင်ရာ အရင်းအမြစ်များ

သင်သည် ဒေသဆိုင်ရာအရင်းအမြစ်များကိုလည်း အသုံးပြုနိုင်ပါသည်။ တူညီသောဒေသတွင်းရှိ အခြားသောနိုင်ငံများထံမှ အတွေ့အကြုံများကလည်း အထောက်အကူပြုနိုင်ပါသည်။ ဥပမာအားဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလမ်းပြမြေပုံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လေ့လာရန်နှင့် မျှဝေနိုင်ရန်အတွက် စမှတ် သို့မဟုတ် မူဘောင် တစ်ခု ဖြစ်ပါသည်။

သင်ခန်းစာ ၅/၆

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၉။ **ကြားဝင်ဆောင်ရွက်လှုပ်ရှားမှုများကို ရန်ပုံငွေထောက်ပံ့ခြင်း** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ် မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ ကံကောင်းပါစေ။

## မေးခွန်း ၁ / ၂

ဥမ္မာက ကမ္ဘောဒီးယားမှာ ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် အဖွဲ့အစည်းတစ်ခုဘက်က တာဝန်ရှိသူ တစ်ဦး ဖြစ်ပါတယ်။ ကလေးတွေအနေနဲ့ မတူညီတဲ့လုပ်ငန်းစဉ်တွေမှာပါဝင်ရင်း ကလေးအလုပ်သမားခိုင်းစေခြင်းအကြောင်း လေ့လာနိုင်အောင် အဖွဲ့အစည်းဘက်က အကောင်းဆုံးဖြစ်နိုင်ခြေရှိသောပွဲကို ကျင်းပချင်ပါတယ်။ အဲဒီပွဲအတွက် စည်းရုံးရေးမှုတွေ၊ သယ်ယူပို့ဆောင်ရေး အရင်းအမြစ်တွေ၊ ဖျော်ဖြေရေး နဲ့ အနုပညာလက်ရာတွေမှာ အသုံးပြုဖို့ ပစ္စည်းတွေ စသဖြင့် အများကြီး လိုအပ်နေပါတယ်။

**ဥမ္မာအနေနဲ့ အရင်းအမြစ်တွေကို စုဆောင်း၊ သုံးစွဲဖို့ ဘာလုပ်သင့်ပါသလဲ။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

- ☐ က — ဥမ္မာအနေနဲ့ မတူညီတဲ့လုပ်ဆောင်ချက်တွေကို ကျွမ်းကျင်သူတစ်ဦးချင်းစီအား တာဝန်ပေးပြီး ခန့်မှန်းကုန်ကျစရိတ်နဲ့ အရင်းအမြစ်ရှာဖွေသုံးစွဲခြင်းအတွက် လူတိုင်းရဲ့ သဘောဆန္ဒတွေကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။
- ☐ ခ — ဥမ္မာအနေနဲ့ ပွဲကို စရိတ်အနည်းဆုံးနဲ့ ကြိုးစားပြင်ဆင်ကြည့်ပြီး အခြားပွဲတွေအတွက် ချွေတာသင့်ပါတယ်။
- ☐ ဂ — ဥမ္မာအနေနဲ့ ခွဲတမ်းချပေးထားတဲ့ အသုံးစရိတ်ကို သေချာတွက်ချက်ပြီး လုပ်ငန်းစဉ်တွေကို စနစ်တကျ စီစဉ်ရပါမယ်။
- ☐ ဃ — ဥမ္မာက လုပ်ငန်းစဉ်တစ်ခုချင်းစီတိုင်းအတွက် တိကျသေချာတဲ့ အသုံးစရိတ် ကို စီစဉ်ရပါမယ်။

## မေးခွန်း ၂/ ၂

ရွာတစ်ရွာမှာ ဒေသဆိုင်ရာ အာဏာပိုင်တွေကနေ ကလေးတွေနဲ့ သူတို့ရဲ့ မိဘတွေအတွက် အသိပညာပေးမှု အစီအစဉ် စတင်ချင်ပါတယ်။ ဒီအစီအစဉ်မှာ မိဘတွေအတွက် ဝင်ငွေကောင်းကောင်းရှာနိုင်ဖို့ အသေးစားလုပ်ငန်းရွေးချယ်ခွင့်တွေ နဲ့ ကလေးတွေ ကျောင်းထွက်စရာမလိုတော့အောင် အန္တရာယ်မရှိသော အချိန်ပိုင်းအလုပ်တွေနဲ့ ပတ်သက်ပြီး အသိပညာပေးမည်ဖြစ်ပါသည်။ ဒါပေမဲ့ ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ရာ လုံလောက်တဲ့ရန်ပုံငွေ ရှိမနေပါ။

**အောက်ဖော်ပြပါနည်းလမ်းတွေထဲမှာ ဘယ်ဟာတွေက ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ပံ့ပိုးပေးနိုင်ပါမလဲ။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

- ☐ က — အစိုးရဆိုင်ရာအရင်းအမြစ်များ ရှိနိုင်မလားသိနိုင်ဖို့ရာ ဒေသဆိုင်ရာ အလုပ်သမားရေးရာရုံးကို ဆက်သွယ်ခြင်း
- ☐ ခ — နီးစပ်ရာမြို့တွေဆီက ပုဂ္ဂလိကပိုင်ကုမ္ပဏီတွေရဲ့ လှူဒါန်းမှုကိုရရှိဖို့ကြိုးပမ်းခြင်း
- ☐ ဂ — ဒေသခံတွေထဲက ကျောင်းဆရာ/မ တွေနဲ့ သူနာပြုတွေရဲ့ ကျွမ်းကျင်မှုတွေနဲ့ ကူညီဖို့ တောင်းဆိုခြင်း
- ☐ ဃ — အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေဆီ အဆိုပြုချက်တင်သွင်းပြီး ရန်ပုံငွေ/ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ပံ့ပိုးမှု တောင်းခံခြင်း

သင်ခန်းစာ ၆/၆

# ▶ အနှစ်ချုပ်

ယခုသင်ခန်းစာကို သင်မပိတ်မီ အောက်ဖော်ပြပါများသည် သင်လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်ပါသည်။

အရေးကြီးသော မှတ်သားစရာများအတွက် အောက်တွင် ဆက်လက်ဖတ်ရှုပါ။

## လုပ်ရှားမှုတွေရဲ့ ကုန်ကျစရိတ်

ကုန်ကျစရိတ်ထည့်သွင်းမှုတွေမှာ ဘဏ္ဍာရေးဆိုင်ရာ ၊ လူ့အရင်းအမြစ်ဆိုင်ရာ ဒါမှမဟုတ် စွမ်းဆောင်ရည်မြှင့်တင်ပေးတာ စတဲ့အရင်းအမြစ်အမျိုးမျိုး ပါဝင်ရပါမယ်။ ကုန်ကျစရိတ်တွက်ချက်တဲ့အခါ လှုပ်ရှားမှုတစ်ခုချင်းစီတိုင်းအတွက် အသေးစိတ်ပါဝင်ပြီး တိကျရပါမယ်။

## အရင်းအမြစ်တွေကို သတ်မှတ်စီမံခြင်း

ခေတ်နဲ့အညီဆောင်ရွက်တာက အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP)အတွက် လုပ်ရိုးလုပ်စဉ် ဖြစ်ပေမယ့် အရင်းအမြစ်တွေကို သတ်မှတ်စီမံဖို့ရာ တဆင့်ချင်းစီဆောင်ရွက်ဖို့ကလည်း မရှိမဖြစ်အရေးကြီးနေပါသေးတယ်။ ဦးဆောင်မယ့်အဖွဲ့အစည်းတစ်ခု ရွေးချယ်တာ ဒါမှမဟုတ် အဖွဲ့အစည်းအားလုံးကသူတွေပါဝင်တဲ့ အထူးတာဝန်အဖွဲ့ တစ်ခု ဖန်တီးတာက လုပ်ငန်းစဉ်ကို ပိုမိုချောမွေ့စေပါမယ်။

## အခြားနည်းလမ်းများ

ပြည်တွင်းလမ်းကြောင်းတွေကိုလည်း အရင်းအမြစ်တွေ သတ်မှတ်စီစဉ်ဖို့အတွက် အသုံးပြုနိုင်ပါတယ်။ အဲဒီလမ်းကြောင်းတွေမှာ အစိုးရပိုင် ၊ ပုဂ္ဂလိကပိုင် အကျိုးတူပူးပေါင်းမှုတွေ ၊ ပုဂ္ဂလိကလှူဒါန်းမှုတွေနဲ့ အဖွဲ့အစည်းအလိုက် အရင်းအမြစ်တွေ ပါဝင်ပါတယ်။ ဒါတွေမဟုတ်ပဲ ထောက်ပံ့ကြေးတွေ ၊ နည်းပညာဆိုင်ရာ ပံ့ပိုးမှု ဒါမှမဟုတ် စွမ်းဆောင်ရည်မြှင့်တင်မှု စတာတွေကိုလည်း အပြည်ပြည်ဆိုင်ရာ မိတ်ဖက်တွေကနေတစ်ဆင့် ဆောင်ရွက်နိုင်ပါတယ်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ

- ILO. 2017. “Tool Kit for Development and Implementation of National Action Plans (NAPs) on Child Labour”.

ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့ မျှော်လင့်ပါသည်။
ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။
http://ecampus.iloyangon.org/

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၆

အောက်ဖော်ပြပါအချက်များအနက် မည်သည့်အချက်များက ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေး ကမ်ပိန်းတစ်ခုအတွက် ကုန်ကျစရိတ်တွက်ချက်ရာတွင် သင့်လျော်သနည်း။

ရွေးချယ်စရာများထဲက (က) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ထည့်သွင်းရမည့်စရိတ်ထဲတွင် သယ်ယူပို့ဆောင်ရေး ၊ ဆက်သွယ်ရေး ၊ ကိရိယာများကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်တိုးတက်ရေးအပါအဝင် အရာအားလုံးကို ထည့်သွင်းရမည်။ ခန့်မှန်းကုန်ကျစရိတ်သည် အမှန်တကယ်ကျင်းပသော အခမ်းအနားအတွက်သာမက ကြိုတင်ပြင်ဆင်မှုများအတွက်ပါ တွက်ချက်ရမည် ဖြစ်ပါသည်။ ယင်းအတွက်ကြောင့် တစ်နေ့တာအခမ်းအနားဖြစ်သော်ငြား ခန့်မှန်းကုန်ကျစရိတ်အား အစီအစဉ်တစ်ခုစီတိုင်းအတွက် အသေးစိတ်နှင့် တိကျမှန်ကန်စွာ ထည့်သွင်းတွက်ချက်ရပါမည်။ လူ့စွမ်းအား အရင်းအမြစ်အတွက် ကုန်ကျစရိတ်များတွင် သင်တန်းပေးမှုကဲ့သို့ လုပ်ဆောင်မှုများပါဝင်ပါသည်။ ထို့အပြင် စေတနာ့ဝန်ထမ်းများက အခမဲ့လုပ်ဆောင်ပေးလျှင်ပင် အခြားကုန်ကျစရိတ်များကိုလည်း ထည့်သွင်းတွက်ချက်ရပါမည်။

သင်ခန်းစာ (၃)၊ စာမျက်နှာ ၉

## လေ့လာမှုမှတ်တိုင်

အောက်ဖော်ပြပါအချက်များအနက် မည်သည့်အချက်က အရင်းအမြစ်များကို စုဆောင်းမှုအတွက် မဆီလျော်သနည်း။

ရွေးချယ်စရာများထဲက (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ရှိရင်းစွဲအစီအစဉ်များကို အသေးစိတ်စီမံခြင်းသည် မိတ်ဖက်အားလုံးကို အတူတကွပူးပေါင်းပြီး အရင်းအမြစ်များကို ဖော်ထုတ်ရန် အထိရောက်ဆုံးနည်းလမ်းဖြစ်ပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၂

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၂

ဥမ္မာအနေနဲ့ အရင်းအမြစ်တွေကို စုဆောင်း ၊ သုံးစွဲဖို့ ဘာလုပ်သင့်ပါသလဲ။

ရွေးချယ်စရာများထဲက (ခ)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဥမ္မာသည် လုပ်ငန်းစဉ်တစ်ခုစီအတွက် အသေးစိတ်ပြီးတိကျသော အသုံးစရိတ်တစ်ခုကို ရေးဆွဲရမည်ဖြစ်ပြီး ဘတ်ဂျက်ခွဲဝေမှုကို လေ့လာကာ လုပ်ငန်းစဉ်များကို စနစ်တကျစီစဉ်ရပါမည်။ မတူညီသောလုပ်ငန်းစဉ်များအတွက် ကျွမ်းကျင်သူတစ်ဦးချင်းစီ တာဝန်ပေးပြီး ခန့်မှန်းကုန်ကျမှုနှင့် အရင်းအမြစ်ရှာဖွေသုံးစွဲခြင်းအတွက် အားလုံး၏သဘောဆန္ဒများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

အဖွဲ့အစည်းက ကြီးကျယ်သောအခမ်းအနား တစ်ခုပြုလုပ်ရန်နှင့် လူများ၏နေထိုင်မှုဘဝကို အပြောင်းအလဲ ဖြစ်လာစေရန်အတွက်ဆန္ဒရှိနေသောကြောင့် ထိုဖြစ်စဉ်တွင် ချွေတာမှုက ဦးစားပေးရွေးချယ်စရာတစ်ခုမဟုတ်ပါ။ ယင်းအစား ဥမ္မာသည် ထပ်တိုးရန်ပုံငွေကို ရှာဖွေနိုင်ပါသည်။

မေးခွန်း ၂/၂

အောက်ဖော်ပြပါ နည်းလမ်းတွေထဲမှာ ဘယ်ဟာတွေက ဒီအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ ပံ့ပိုးပေးနိုင်ပါမလဲ။

အဖြေ အားလုံး ကို ရွေးချယ်ခဲ့ပါက သင့်အဖြေ မှန်ကန်ပါသည်။

ဒေသဆိုင်ရာအာဏာပိုင်များသည် လူ့ဒါန်းမှု သို့မဟုတ် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အကူအညီရရှိရန်အတွက် အပြည်ပြည်ဆိုင်ရာ အေဂျင်စီများ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီများထံ ချဉ်းကပ်နိုင်ပြီး ဒေသတွင်း ပညာတတ်လူထု၏ ကျွမ်းကျင်မှုများကိုလည်း အသုံးချနိုင်ပါသည်။ ၎င်းတို့သည် အစိုးရ၏ အရင်းအမြစ်များရရှိနိုင်ခြင်း ရှိမရှိကို ဒေသဆိုင်ရာ အလုပ်သမားရေးရာရုံးကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

### ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့်အတူ ဆန့်ကျင်တိုက်ဖျက်ရန်အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့်အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။ “မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်” သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။
ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။ သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦးအဖြစ်ရှိနေပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039016-0

9 789220 390160